## အရေပြားပေါ်တွင် အရောင်ဖျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော ထုံနေသည့် အကွက်များရှိပါက







နီးရာ ကျန်းမာရေးဌာနများသို့ ပြသပြီး စမ်းသပ်စစ်ဆေး၍ ဆေးဝါးကုသမှုခံယူပါ။

## နာဗ်ကြောများ ကြီးမားယောင်ယမ်းခြင်း













အနာကြီးရောဂါသည် စောစောသိ၍ စောစော ကုသမှုခံယူပါက ကိုယ်လက်အင်္ဂါချို့ယွင်းမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## အနာကြီးရောဂါကုသသည့် MDT ဆေးကို ကျန်းမာရေးဌာနများတွင် အခမဲ့ ရရှိနိုင်ပါသည်။





မိမိပတ်ဝန်းကျင်ရှိ
မိတ်ဆွေအပေါင်းအသင်းများတွင်
အရေပြားပေါ်၌ အကွက်တွေ့ရှိပါက
ကျန်းမာရေးဌာနများသို့
သွားရောက်ပြသ၍
ကုသမှုခံယူရန်
တိုက်တွန်းအားပေးကူညီပါ။



ဝေဒနာရှင်များ၊
ရောဂါပျောက်ကင်းသူများနှင့်
မိသားစုများကို ရပ်ကွက်၊ ကျေးရွာ
လူမှုဝန်းကျင်အသိုင်းအဝန်းတွင်
ဝင်ဆံ့နိုင်ရန် ဝိုင်းဝန်းကူညီပါ။



မြန်မာနိုင်ငံတွင်
အနာကြီးရောဂါကင်းဝေးရေး
ရေရှည်ဆက်လက်တည်တံ့စေရန်နှင့်
ကိုယ်အင်္ဂါချို့ယွင်းမှုမှ ကာကွယ်နိုင်ရန်
ဝိုင်းဝန်းကူညီဆောင်ရွက်ပါ။

ILEP

မိမိပတ်ဝန်းကျင်ရှိ
မိတ်ဆွေအပေါင်းအသင်းများတွင်
အရေပြားပေါ်၌အကွက်တွေ့ရှိပါက
ကျန်းမာရေးဌာနများသို့
သွားရောက်ပြသ၍
ကုသမှုခံယူရန်
တိုက်တွန်းအားပေးကူညီပါ။



အနာကြီးရောဂါလူနာများ၊
ရောဂါပျောက်ကင်းသူများနှင့်
မိသားစုများကို ရပ်ကွက်၊ ကျေးရွာ
လူမှုဝန်းကျင်အသိုင်းအဝိုင်းတွင်
ဝင်ဆံ့နိုင်ရန် ဝိုင်းဝန်းကူညီပါ။



ILEP



အရေပြားပေါ်တွင် အကွက်တွေ့ရှိပါက
နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ ပြသပါ။
အနာကြီးရောဂါကို MDT ဆေးဝါးဖြင့်
ပျောက်ကင်းအောင် အခမဲ့ကုသပေးပါသည်။
အချိန်မီစောစီးစွာ ကုသမှုခံယူပါက
ကိုယ်အင်္ဂါချို့ယွင်းမှု မဖြစ်နိုင်ပါ။

အရေပြားပေါ်တွင် အရောင်ဖျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော ထုံနေသည့် အကွက်များရှိပါက



နီးရာ ကျန်းမာရေးဌာနများသို့ ပြသပြီး စမ်းသပ်စစ်ဆေး၍ ဆေးဝါးကုသမှုခံယူပါ။

အနာကြီးရောဂါကုသသည့် MDT ဆေးကို ကျန်းမာရေးဌာနများတွင် အခမဲ့ရရှိနိုင်ပါသည်။










အနာကြီးရောဂါသည် စောစောသိ၍ စောစောကုသမှုခံယူပါက ကိုယ်လက်အင်္ဂါချို့ယွင်းမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့

### ဖြန့်ဖြူးပေးရမည့် အကြောင်းအရာ -

- ကနဦးလက္ခဏာများ၊
- ဆေးကုသလျှင် ရောဂါပျောက်ကင်းကြောင်း၊
- ဆေးကုသပေးမည့်ဌာန / ပုဂ္ဂိုလ်၊
- လူနာစိတ်တိုင်းကျ ကုသပေးခြင်း၊
- ဆေးကုသလျှင် ရောဂါမကူးစက်တော့ကြောင်း၊
- ရှက်ခြင်း၊ ဖုံးကွယ်ခြင်း၏ နောက်ဆက်တွဲ ပြဿနာများ။

### ဖြန့်ဖြူးပေးမည့် နည်းလမ်းများ -

- တစ်ဦးမှ တစ်ဦးသို့ထပ်ဆင့်ပြောကြားခြင်း၊
- လေးစားယုံကြည်ခံရသူများအား ပြောကြားခြင်း၊
- အစည်းအဝေးခေါ်ယူ ပြောပြခြင်း၊
- မိမိဒေသအလိုက် ဆောင်ရွက်ခြင်း။
(ဥပမာ - အရပ်ပြဇာတ်၊ပွဲတော်)

အသိပညာ ဖြန့်ဖြူးခြင်းကို အစီအစဉ်တကျ အခမ်းအနားဖြင့်လည်းကောင်း၊ စကားဝိုင်းတွင်လည်းကောင်း၊ လက်ဖက်ရည်ဝိုင်းတွင်လည်းကောင်း၊ အလုပ်လုပ်ရင်းလည်းကောင်း စသည်ဖြင့် ကြုံတိုင်းပြောပြပေးပါ။

### အသိပညာဦးစားပေး ဖြန့်ဖြူးပေးရမည့် ပုဂ္ဂိုလ်များ -

- မိခင်တိုင်းကို ဦးစားပေးပါ၊
- လူမှုရေးအဖွဲ့ဝင်များ၊
- ကျောင်းဆရာ၊ ဆရာမများ၊
- ဩဇာရှိပြီး လေးစားခံရသူများ၊
- ဆေးစားဖူးသော လူနာများ၊
- လူမှုရေးစိတ်ဓာတ်ရှိသူများ။

**အနာကြီးရောဂါကို ပျောက်ကင်းစေသည့် M.D.T (အမ်ဒီတီ) ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ်တကူနှင့် အခမဲ့ရနိုင်ပါသည်၊**

# အနာကြီးရောဂါ ကင်းဝေးဖို့

# ဆွေးနွေးတိုင်ပင် ပြောကြစို့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ
JICA-အစီအစဉ်ဖြင့် အခမဲ့ထုတ်ဝေသည်။

# အနာကြီးရောဂါဆိုသည်မှာ —

ကူးစက်တတ်သော နာတာရှည်ရောဂါတစ်မျိုးဖြစ်ပြီး အနာကြီးရောဂါပိုး (M.Leprae) ဝင်ရောက်ခြင်းကြောင့် အနာကြီးရောဂါ ဖြစ်ရပါသည်။ အဓိကအားဖြင့် အရေပြား နှင့် အာရုံကြောကို ထိခိုက်ပါသည်။

**အောက်ပါ လွဲမှားသော အယူအဆများကြောင့် အနာကြီးရောဂါ ဖြစ်ရသည် မဟုတ်ပါ -**

- ဝဋ်နာ၊ ကံနာ၊
- မျိုးရိုးလိုက်ခြင်း၊
- အပျော်အပါး လိုက်စားခြင်း၊
- မီးယပ်ကွက်၊ နတ်ကွက်ဖြစ်ခြင်း၊
- သမင်သား၊ လိပ်သား၊ ဂျပန်ငါးဝိုင်းသား စားမိခြင်း၊
- မကောင်းသောအရက်များ သောက်ခြင်း၊
- ဘုရားသခင်က ဒဏ်ခတ်ခြင်း၊
- အရွယ်ရောက်စ သွေးသားပြောင်းခြင်း။

## သင့်ရပ်ရွာတွင် အနာကြီးရောဂါ ဆက်လက်ကင်းဝေးနေစေရန်

- လူတိုင်း အနာကြီးရောဂါအကြောင်း သိရှိစေရန် အသိပညာဖြန့်ဖြူးပေးပါ၊
- ရောဂါရှိသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ၊
- စည်းရုံးပေးပါ၊
- ဆေးကုသခံယူနိုင်အောင် ကျန်းမာရေးဝန်ထမ်းများ နှင့် ဆက်သွယ်ပေးပါ။

**အနာကြီးရောဂါဖြစ်ကာစ ကနဦးလက္ခဏာများကို သိရှိထားရန်လိုပါသည်။ ၎င်းတို့မှာ -**

## အရောင်ဖျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော အကွက်များ

- ယားယံမှုမရှိခြင်း၊
- နာကျင်မှုမရှိခြင်း၊
- ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း၊
- အရေပြား မည်သည့်နေရာတွင်မဆို နေရာမရွေး ဖြစ်ပေါ်လာနိုင်ခြင်း။

**မသင်္ကာဖွယ်ရာ ရောဂါလက္ခဏာများကို လူတိုင်းသိရှိအောင် ပြောပြပါ။**

**မသင်္ကာဖွယ်ရာ လက္ခဏာရှိသူတွေ့ပါက —**

- မရှက်မကြောက်ရန် ရှင်းပြပါ၊
- ဆေးကုသ၍ ပျောက်ကင်းကြောင်း ပြောပြပါ၊
- အလွယ်တကူနှင့် အခမဲ့ဆေးကုသနိုင်ကြောင်း ပြောပြပါ၊
- ကျန်းမာရေးဌာန/ ကျန်းမာရေးဝန်ထမ်းနှင့် ဆက်သွယ်ပေးပါ။

**မိသားစုအသိုင်းအဝိုင်းကြားတွင် မသင်္ကာဖွယ်လက္ခဏာ ရှိ-မရှိ ကြည့်ရှုပါ။**

## အသိပညာပေး ဖြန့်ဖြူးခြင်း

အနာကြီးရောဂါအကြောင်း အသိပညာ ဖြန့်ဖြူး ပေးခြင်းသည် ရောဂါရှိသူကို ရောဂါပျောက်စေခြင်း၊ ကျန်သူများကို ကာကွယ်ပေးခြင်းနှင့်ဇီဝိတဒါနဖြစ်စေ ခြင်းများ ဖြစ်ထွန်းစေပါသည်။